မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှင့် စပ်လျဉ်းသော သုံးသပ်ထုတ်ပြန်ချက် (၁)
# မြန်မာနိုင်ငံရှိ တည်ဆဲ ဥပဒေများနှင့် ဆန့်ကျင်ကာ ယာယီ သက်သေခံလက်မှတ်ထုတ်ပေးပြီး ဆန္ဒမဲပေးခိုင်းရန်စီစဉ်နေသော နအဖ၏ လုပ်ဆောင်ချက်အား ပြင်းထန်စွာကန့်ကွက်ခြင်း

၁။ ဆန္ဒမဲပေးပိုင်ခွင့်သည် နိုင်ငံသားများအတွက် သီးသန့်သတ်မှတ်သော အခွင့်အရေးဖြစ်သည်။ ယင်းကို အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် International Covenant on Civil and Political Rights အပုဒ် (၂၅) တွင် အတိအလင်းဖေါ်ပြထားသည်။ မြန်မာနိုင်ငံအတွင်းတွင် လာရောက်နေထိုင်လျှက်ရှိသော်လည်း အမျိုးအမည်မသိသော ပုဂ္ဂိုလ်များ အပေါ် အစိုးရအာဏာပိုင်များက ဥပဒေပြဋ္ဌာန်းချက်မရှိပါဘဲလျှက် ထင်သလို လက်မှတ်များထုတ်ပေးကာ မဲပေးခွင့်ပြုနိုင်သည့် အခွင့်အရေးမဟုတ်ပါ။ ၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင်လည်း နိုင်ငံသားများကိုသာ မဲပေးခွင့်ပြုထားခဲ့သည်။

၂။ နိုင်ငံသားနှင့် စပ်လျဉ်း၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၂) အပုဒ် (၁၀) တွင် ဖေါ်ပြပါရှိသည်။ နိုင်ငံသားများသာ မဲပေးခွင့်ရှိသည့် ပြဋ္ဌာန်းချက်ကို ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၅၅) တွင်ဖေါ်ပြပါရှိသည်။ နိုင်ငံသားဖြစ်ခြင်းကို မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ ဆုံးဖြတ်ရသည်။ ယင်းဥပဒေနှင့်အညီ သတ်မှတ်ခြင်းခံရသည့် နိုင်ငံသားများတွင်သာ မဲပေးခွင့် အတိအကျရှိသည်။ ယင်းဥပဒေနှင့် အညီ နိုင်ငံသားဖြစ်သွားကြမည့် ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကိုပါ မဲပေးပိုင်ခွင့်ရှိသူများ စာရင်းတွင် ထည့်သွင်းနိုင်ပါမည်။ သို့ရာတွင် မည်သည့်ဥပဒေနောက်ခံမျှ မရှိပါဘဲလျှက် အမျိုးအမည်မသိသူများအား ယာယီ သက်သေခံလက်မှတ်များ ထုတ်ပေးပြီး ထိုသူများကို မဲပေးခွင့်ပြုစေမည်ဆိုသည်မှာ ဥပဒေကိုလုံးဝ မျက်ကွယ်ပြုရာရောက်သည်။ ယင်းသို့ မဲပေးခွင့်ပြုမည့် ပြဋ္ဌာန်းချက်ကို နအဖ၏ ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ ပုဒ်မ ၁၁(က)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် အသက် (၁၈) နှစ် ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။**

**Network for Human Rights Documentation – Burma** (ND-Burma) စုဆောင်းထားပြီး နအဖ လူဝင်မှုကြီးကြပ်ရေးဌာနမှ တရားမဝင်ထုတ်ပေးနေသော သက်သေခံလက်မှတ်ကို ပူးတွဲတင်ပြပါသည်။

၄။ ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြန်ပြင်ရန်၊ ဤသို့ တရားမဝင်သည့်လုပ်ရပ်ကို လုပ်ဆောင်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံနိုင်မည့် ပုဂ္ဂိုလ်များအား ယာယီသက်သေခံကတ်ပြားများထုတ်ပေးနေပြီး မဲပေးခိုင်းရန် စီစဉ်နေခြင်းများကို အမြန်ဆုံးရပ်ဆိုင်းရန် နအဖ အား တောင်းဆိုသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

နေ့စွဲ။ ဧပြီလ (၄) ၂၀၀၈ ခုနှစ်

အသေးစိပ်သိရှိလိုပါလျှင်။ ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး – ဖုံး ၆၆ (၀) ၈၁ ၅၃၃ ၀၆၀၅

# ပူးတွဲပါ




ယာယီသက်သေခံလက်မှတ်
ဓါတ်ပုံ
အမှတ်
အမည်၊
လူမျိုး/ဘာသာ
မွေးသက္ကရာဇ်
မျက်လုံးအရောင်
ထုတ်ပေးသူလက်မှတ်
ဆံပင်အရောင်
အမည်
ဖခင်အမည်၊
ရာထူး
လူမျိုး/ဘာသာ
ရက်စွဲ





အရပ်
သွေးအုပ်စု
ထင်ရှားသည့်အမှတ်အသား
အလုပ်အကိုင်
နေရပ်လိပ်စာ
ထိုးမြဲလက်မှတ်
မှတ်ချက်
၁။ ပျောက်ဆုံး၊ ပျက်စီးသည့်အခါ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်း၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံးသို့ သတင်းပို့ရမည်။
၂။ ဤကပ်ပြားဖြင့် မည်သည့်နိုင်ငံသားဟု သက်သေခံခြင်းအလျှဉ်းမဖြစ်စေရ။